၁၉၆၁ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း) (ဒုတိယပြင်ဆင်ချက်)အက်ဥပဒေ။*

(၁၉၆၁ခုနှစ်၊ အက်ဥပဒေအမှတ် ၂၈။)

(၁၉၆၁ခုနှစ်၊ အောက်တိုဘာလ ၂၅ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၉၆၁ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)(ဒုတိယပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။၁၉၅၅ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)အက်ဥပဒေ၏ ပုဒ်မ၃၊ ပုဒ်မခွဲ(၁)တွင် "ခွင့်ပြုချက်မရဘဲ နေထိုင်လျက်ရှိသည် ဟု"ဆိုသည့်စကားရပ်အစား၊ "ခွင့်ပြုချက်မရဘဲ နေထိုင်လျက်ရှိသည်ဟုသော်လည်းကောင်း၊ ခွင့်ပြုချက်ကို ရုပ်သိမ်းပြီးသည့်နောက် ဆက်လက်နေထိုင်လျက် ရှိသည်ဟုသော်လည်းကောင်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၃ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ရက်။
(၁၉၆၁ခုနှစ်၊ အောက်တိုဘာလ ၂၅ရက်။)

အမိန့်အရ၊
သာထက်၊
နိုင်ငံတော်သမ္မတ၏ အတွင်းဝန်။

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၆၁ခုနှစ်၊ အောက်တိုဘာလ(၁၄)ရက်၊ စာမျက်နှာ-၂၀၇၄။